MRTI Myanmar Responsible Tourism Institute | Myanmar Centre for Responsible Business | Hanns Seidel Foundation

၂၀၁၇ ခုနှစ်၊ မေလ ၁၀ ရက်။

## သတင်းထုတ်ပြန်ချက်

## "အမှိုက်ကင်းစင်သည့် ငပလီကမ်းခြေဖြစ်လာရေး အကောင်အထည်ဖော်ရန် အချိန်ရောက်ရှိ"

ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း (HSF)၊ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) နှင့် Myanmar Responsible Tourism Institute (MRTI)တို့က မေလ ၈ ရက်မှ ၉ ရက်နေ့အထိ ငပလီကမ်းခြေဒေသတွက် ခရီးသွားလုပ်ငန်း အရှည်တည်တံ့ဖွံ့ဖြိုးရေး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ပူးတွဲကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရခိုင်ပြည်နယ်အစိုးရ စီမံ၊ စီးပွားရေး၊ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်း၊ စည်ပင်သာယာရေးဆိုင်ရာ ပြည်နယ်ဝန်ကြီး ဦးမင်းအောင်နှင့် သံတွဲမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် မကြာခင်က ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဌ ဦးအောင်မျိုးမင်းဒင်တို့နှင့်အတူ အစိုးရအဖွဲ့ဝင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် မန်နေဂျာများ၊ စားသောက်ဆိုင်နှင့် ဈေးဆိုင်ပိုင်ရှင်များ၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ၊ ဒေသခံပြည်သူများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အရပ်ဖက်အဖွဲ့အစည်းများက ကိုယ်စားလှယ်များအပါအဝင် ဒေသရှိ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သူများနှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ၄င်း၏လေးရက်ကြာ ခရီးစဉ်တစ်ရပ်၏ တစိတ်တပိုင်းအနေဖြင့် ရောက်ရှိလာခဲ့သည့် ဝန်ကြီးဦးအုန်းမောင်က အလုပ်ရုံဆွေးနွေးသို့တက်ရောက်ကာ အဖွင့်မိန့်ခွန်းနှင့် နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။ ၄င်းသည် ပြည်ထောင်စုဝန်ကြီးအနေဖြင့် ငပလီသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခြင်း ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက "ငပလီနှင့် မြောက်ဦးသည် ရခိုင်ပြည်နယ်အတွက် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ကာ ဒေသစီးပွားရေးကိုပံ့ပိုးနိုင်သည့် ပြည်နယ်၏အဖိုးတန်ရတနာနှစ်ပါး" အဖြစ် ဖော်ပြကာ ငပလီသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းနှင့် ပြည်ပခရီးသွား အရေအတွက် တိုးတက်လာခြင်းနှင့် ငပလီအား အာရှတွင် အကောင်းဆုံးကမ်းခြေများအနက် တစ်ခုအနေဖြင့် အသိအမှတ်ပြု ခံရခြင်းကို ကြိုဆိုခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက "ခရီးသွားလုပ်ငန်းကို အရှည်တည်တံ့ရေး စီမံဆောင်ရွက်ရန် လိုအပ်ပါတယ်။ ထို့အတူ ဆိုးကျိုးသက်ရောက်မှုတွေကို လျော့ချနိုင်ပြီး ကောင်းကျိုးများပိုမိုဖြစ်ထွန်းစေရေးနဲ့ ငပလီကမ်းခြေဒေသကို လည်ပတ်၊ နေထိုင်ရန် ပိုမိုကောင်းမွန်တဲ့ တစ်ရာတစ်ခုဖြစ်လာရေး အတူတကွပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ဆောင်ခဲ့သည့်အတိုင်း အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသူများက ငပလီကမ်းခြေ၏ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ၄င်းတို့ အစိုးရိမ်အပူပန်ဆုံး အချက်ကို ရွေးချယ်စေခဲ့ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်သည်ပင် နံပါတ်တစ်နေရာတွင် ဆက်လက်ရှိနေခဲ့ပြီး တက်ရောက်လာသူများ၏ ၃၉ ရာခိုင်နှုန်းက ဖော်ပြခဲ့ကြသည်ဖြစ်ရာ ယခင်နှစ်ထက်ပင် ယင်းအချက်ကို

အစိုးရိမ်ဆုံးအဖြစ်ဖော်ပြသူ တိုးလာသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ယင်းအချက်ကို ရွေးချယ်သူ တက်ရောက်သူ၏ ၂၉ ရာခိုင်နှုန်းရှိ ရှိရာမှ မြင့်တက်လာခြင်းဖြစ်သည်။ "မူဝါဒနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဒေသခံပြည်သူများ ပါဝင်နိုင်မှု နည်းပါးခြင်း" အချက်ကို တက်ရောက်လာသူများ ဒုတိယ အများဆုံးဖြစ်သည့် ၁၆ ရာခိုင်နှုန်းက အစိုးရိမ်ဆုံးအချက်အဖြစ် ဖော်ပြကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုများအနက် အမှိုက်ထိန်းသိမ်းခြင်း ဆိုင်ရာ ကိစ္စရပ်သည် အစိုးရိမ်ဆုံး ကိစ္စရပ်အနေဖြင့် ဆက်လက်ရှိနေပြီး၊ တက်ရောက်လာသူများ၏ ၅၅ ရာခိုင်နှုန်းက (၂၀၁၅ ခုနှစ်တွင် ၃၄.၅%)က ဖော်ပြခဲ့ကြသည်။ တက်ရောက်လာသူများ၏ ၁၈ ရာခိုင်နှုန်းက အစိုးရိမ်ဆုံးကိစ္စရပ် အဖြစ် ဒုတယနေရာတွင် ကမ်းခြေမှ သဲများထုတ်ယူနေမှုဖြစ်သည်။ (၂၀၁၆ ခုနှစ်ကလည်း ၂၃.၅ % ဖြင့် ဒုတိယနေရာ။)

ပြည်ထောင်စုဝန်ကြီးမှလည်း ပေလီတွင် ခရီးသွားအရေအတွက် ပိုမိုလာရောက်လည်ပတ်နိုင်ရေး လေဆိပ်နှင့် လေယာဉ်ပြေးလမ်းတိုးချဲ့ရေး အစီအစဉ်မတိုင်မီ အမှိုက်ကိစ္စသည် ပထမဦးစွာ ဖြေရှင်းရမည့် အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သလို၊ အလုပ်ရုံဆွေးနွေးပွဲတွင်လည်း ပေလီရှိ အမှိုက်ကိစ္စကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ပေလီစည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစောလွင်က ပြီးခဲ့သည့် သီတင်းပတ်က ၎င်းတို့ ကော်မတီအနေဖြင့် အမှိုက်ပုံနေရာအတွက် မြေ ၃ဧကကို ဝယ်ယူထားပြီးဖြစ်ကြောင်းနှင့် အမှိုက်ကိစ္စဖြေရှင်းနိုင်ရေး အတွက် လက်တွေ့လုပ်ဆောင်နေသည့်အနေအထားများနှင့် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့သည်။ အခြား လက်တွေ့လုပ်ဆောင်နိုင်သည့် အမှိုက်ကိစ္စ ဖြေရှင်းနိုင်ရေးနည်းလမ်းများနှင့် ပတ်သက်၍လည်း ဒေသရှိ လူငယ် ခေါင်းဆောင် ဦးဖြိုးမောင်မောင်ကလည်း ပြီးခဲ့သည့် ဧပြီလအတွင်းက မုန်တိုင်းအပြီး ဒေသအတွင်း ရှင်းလင်းရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်များကို ရှင်းလင်းပြောကြားသည်။ Trash Heroes က ဖုန်းကျော်မိုးမြင့်နှင့် "ကြွပ်ကြွပ်"မှ Wendy Neampuiကလည်း ၎င်းတို့၏ အမှိုက်ရှင်းလင်းရေး လုပ်ဆောင်သည့် အစီအစဉ်များနှင့် အမှိုက်ကို ပြန်လည် အသုံးချနိုင်ရေး ၎င်းတို့လုပ်ကိုင်နေသည့် လုပ်ငန်းများကို ရှင်းလင်း တင်ပြခဲ့ကြပြီး ပေလီတွင် အမှိုက်ကင်းစင်ရေး အရပ်ဖက်အဖွဲ့အစည်းများကို ၎င်းတို့ ကူညီနိုင်သည့် အချက်များကို တင်ပြခဲ့ကြသည်။

ကမ်းခြေမှသဲများ ထုတ်ယူနေမှုကိစ္စရပ် တိုက်ဖျက်ရေးနှင့် ဒီရေတောထိမ်းသိမ်းရေးကိစ္စရပ်များကဲ့သို့သော အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကိုလည်း အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။ ထို့အတူ Guest Houseများ၏ လိုင်စင်ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ပေးရေးဆိုင်ရာကိစ္စရပ်၊ ခရီးသွားဒေသ စီမံကိန်း ရေးဆွဲရေးနှင့် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲခြင်းဆိုရာ အကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့ကြသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ခွင့်ပြုချက်၊ UNICEF၏ ပံ့ပိုးမှုဖြင့် ခရီးသွားနေရာများတွင် ကလေးသူငယ်များ အား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း အန္တရာယ်များနှင့် ပတ်သက်၍ ၎င်းတို့ လုပ်ဆောင်နေသော ကွင်းဆင်း သုတေသနပြု လေ့လာနေမှုအကြောင်းကိုလည်း MRTI က တင်ပြခဲ့ပါသည်။

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB)၏ ဒါရိုက်တာဖြစ်သူ Vicky Bowman ကလည်း *"ပြည်ထောင်စုဝန်ကြီးနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ပေလီတွင် ခရီးသွားများသွားလာ လည်ပတ်သည့် နေရာများတင်သာမက ပေလီဒေသ ကျေးလက်နှင့် ရပ်ကွက်များရှိ လူနေအိမ်မှပါ အမှိုက်များ သိမ်းဆည်းကာ မကြာမီက ဝယ်ယူလိုက်သည့် မြေနေရာသို့ အမှိုက်များ သယ်ဆောင်ပစ်ပေးနိုင်ရေး အရှိန်မြှင့်*

*လုပ်ဆောင်သွားရန် အစီအစဉ်များရှိကြောင်း ပြောကြားသည်ကို ကြားသိရသည့်အတွက် ကျေနပ်မိပါသည်။ ပြီးခဲ့တဲ့နှစ်က ကျွန်မတို့ လုပ်ဆောင်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲနောက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရက ငပလီကမ်းခြေ ရေရှည်သာယာလှပရေးနှင့် စည်းကမ်းထိမ်းသိမ်းရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းပြီးကြောင်းကိုလည်း ကြားသိရပါသည်။ အမှိုက်ကိစ္စကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးသည် လူတိုင်း၏ တာဝန်ဖြစ်ရာ အမှိုက်ကင်းစင်သည့် ငပလီကမ်းခြေဖြစ်လာရေးအတွက် အဆိုပါကော်မတီများသည် ဒေသရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် နေထိုင်သူများနှင့်အတူ နီးနီးကပ်ကပ်လုပ်ဆောင်ရန် လိုအပ်ပါသည်။ အဆိုပါ အများပါဝင်ရန်လိုအပ်သည့် အချက်ကို အလေးထားသည့်အနေဖြင့် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများက ဥပမာ ဟော်တယ်များက ပလပ်စတစ်အိတ်နှင့် ပလပ်စတစ်ရေသန့်ဘူးများ သုံးစွဲမှု လျှော့ချရေး၊ ကျောင်းများတွင် အမှိုက်ပုံးများထားရှိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်း နှင့် ဒေသတွင်း ဥပဒေများပြင်ဆင်ရေးဆွဲရေးနှင့် တရားဥပဒေစိုးမိုးရန် လိုအပ်နေမှုများအပါအဝင် အမှိုက်ပစ်မှု လျှော့နည်းစေရေး တစ်ဦးခြင်းလုပ်ဆောင်နိုင်သည့် အချက်များကို ကတိကဝတ်ပြုခဲ့ကြသည်။ MCRB၊ HSF နှင့် MRTI တို့ကလည်း Jade Marina Hotel ဟိုတယ်နှင့် ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်သူများအတွက် ရေသန့်ဘူးသေးများ ထားရှိပေးခြင်းအစား ရေကရားများ ထားရှိစေခြင်းဖြင့် ရေသန့်ဘူးအနည်းဆုံး ဘူး ၂၀၀ ခန့် ပလပ်စတစ်အမှိုက်ထွက်ပေါ်လာခြင်းကို လျှော့ချကာ ကနေဦး အစပျိုးလုပ်ဆောင်စေခဲ့သည်။" ဟု ပြောကြားသည်။*

ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း (HSF)၏ ဌာနေကိုယ်စားလှယ် Achim Munz ကလည်း "ပြည်ထောင်စုဝန်ကြီးက ငပလီကမ်းခြေတွင်သာမက မြန်မာနိုင်ငံရှိ ကျန်ခရီးသွားကမ်းခြေ ခုနစ်နေရာတွင်လည်း ကမ်းခြေတစ်လျှောက်တွင် အဆောက်အအဦးများ၏ အမြင့်ကို အမြင့်ဆုံး ၁၀မီတာထိသာ ခွင့်ပြုသည့် သတ်မှတ်ချက်ကို ရှင်းလင်းအောင် ဖော်ပြသည်ကိုကြားသိရသည့်အတွက် ဝမ်းမြောက်မိသည်။ ထို့အပြင် *ငပလီတွင် ကမ်းခြေမှ တရားမဝင် သဲထုတ်ယူနေမှုများကို အရေးယူနိုင်ရေးဆောင်ရွက်သွားမည့် အစီအစဉ်များကို ကြားသိရသည့်အတွက်လည်း ဝမ်းမြောက်မိပါသည်။ ငပလီတွင် အရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းအတွက် မျှော်မှန်းချက်တစ်ရပ်ကို ချမှတ်နိုင်ရေးနှင့် ဒေသခံပြည်သူများအား ထိခိုက်သက်ရောက်မှုများနှင့် စိုးရိမ်ပူပန်မှုဖြစ်စေသည့် အရေးကြီးကိစ္စရပ်များကို ဖြေရှင်းနိုင်ရေး တာဝန်ယူပြီးတစ်နှစ်အတွင်း ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရအကြား လက်တွဲဆောင်ရွက်နေသည်ကို တွေ့မြင်သဖြင့် ကျေနပ်မိပါသည်။" ဟု ပြောကြားခဲ့သည်။*

<u>နောက်ခံအကြောင်း</u>

၁။ အလုပ်ရုံဆွေးနွေးပွဲတွင် အစီရင်ခံစာနှင့် တင်ပြဆွေးနွေးချက်များကို www.mcrb.org.mm တွင် သွားရောက်ဖတ်ရှုရယူနိုင်ပါသည်။.

၂။ ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း (HSF)က မြန်မာအစိုးရ၏ ၂၀၁၂ ခုနှစ် "တာဝန်သိခရီးသွားလုပ်ငန်း မြှင့်တင်ရေး မူဝါဒ (2012 Responsible Tourism Policy) နှင့် (2013 Community Involved Tourism Policy) တို့ ရေးဆွဲရာတွင် ပံ့ပိုးဆောင်ရွက်ခဲ့သည်။

http://www.hss.de/southeastasia/en/myanmar/our-work-in-myanmar.html

http://www.hss.de/fileadmin/suedostasien/myanmar/downloads/130530-Community-Involvement-in-Tourism.pdf

၃။ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက "ခရီးသွားလုပ်ငန်း ကဏ္ဍအလိုက် သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း" အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ http://www.myanmar-responsiblebusiness.org/swia/tourism.html

၄။ Myanmar Responsible Tourism Institute (MRTI) သည် ၂၀၁၆ ခုနှစ်က တည်ထောင်ခဲ့သည် NGO တစ်ခုဖြစ်ပြီး ဗဟုသုတဝေမျှခြင်း၊ သင်တန်းများပေးခြင်းနှင့် သုတေသနပြုလုပ်ခြင်းများမှ တဆင့် မြန်မာနိုင်ငံတွင် တာဝန်သိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရေးကို ပံ့ပိုးကူညီရန် ရည်ရွယ်ပါသည်။
www.myanmarresponsibletourism.org

၅။ ပထမအကြိမ် The first multistakeholder workshop on tourism was held in Ngapali in May 2016. HSF and MCRB have also co-hosted multistakeholder workshops in Naypyidaw on responsible tourism (October 2015), and community involved tourism (December 2015).


အသေးစိတ်သိရှိနိုင်ရန်အတွက် ဆက်သွယ်ရန်

English:

- Achim Munz, HSF munz@hss.de

Burmese:

- ဝေဖြိုးမြင့်၊ MCRB waiphyo.myint@myanmar-responsiblebusiness.org 09795333831
- ညွန့်ဝင်းနိုင်၊ MRTI ko.nyunt@myanmarresponsibletourism.org 09795350688